## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

## ၄၈ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၃ - ၈ - ၂၀၁၇ ]( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၄။ အမျိုးသားလွှတ်တော် ၄၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဒေါ်သန်းသန်းအေး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ပြင်းအိုင်၊ ကန်စွန်းမြောင်၊ ဆယ်လယ်၊ အောက်မနိမ့်၊ အောက်မမြင့်၊ ဆင်ကော်၊ မြို့လှ ရွာချင်းဆက် လမ်းအား ကျောက်ချောမြေနီလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မြန်မာနိုင်ငံရှိ လယ်ထွန်စက်ကြီးများကို သက်သာသော နှုန်းထားဖြင့် ယာဉ်မှတ်ပုံတင် စာရင်းသွင်းပြီး ယာဉ်နံပါတ်ထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိ မိုင်းလုံးရပ်ကွက်မှ ဒီးမော့ဆိုမြို့နယ် စည်းလင်းကျေးရွာအထိ (၆.၈)မိုင်ရှည်လျားသော လယ်ယာကုန်ထုတ်လမ်းနှင့် ဂင်းလမ်းအပိုင်းတွင်ရှိသော ကွန်ကရစ်တံတား(၂)စင်းသည် ပျက်စီးနေပါသဖြင့် အဆင့်မီ ကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ဆက်လက် တင်ပို့ ရောင်းချနိုင်ရေး အတွက် ဥပဒေနှင့်မညီသော၊ လုပ်ငန်းအစီရင်ခံစာ သတင်းပေးပို့ခြင်း မရှိသော၊ နည်းစနစ်တကျမရှိသော စည်းကမ်းပျက် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်း [ Illegal, Unreported and Unregulated (IUU) Fishing ] မဖြစ်အောင် ပြည်ထောင်စုအစိုးရအနေဖြင့် (IUU)နှင့် ပတ်သက်ပြီး မည်ကဲ့သို့ စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)၏ **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်း ကာကွယ်ရေး၊ ပြည်တွင်း စားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက် ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့်**

**လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

( ခ ) ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊
ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဂ ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

(ဃ) ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၄၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။